ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ

၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ်( ၄ )

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆုတ်(၁၀)ရက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | နိဒါန်း | ၁ | ၁ |
| ၂။ | အခန်း(၁) အမည်၊ စတင်အာဏာတည်ခြင်း နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၅ |
| ၃။ | အခန်း(၂) ရည်ရွယ်ချက်များ | ၅ | ၆ |
| ၄။ | အခန်း(၃) အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးလုပ်ငန်း ဆိုင်ရာ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၆ | ၇ |
| ၅။ | အခန်း(၄) အခွန်အခပေးဆောင်ခြင်း | ၈ | ၉ |
| ၆။ | အခန်း(၅) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏တာဝန် နှင့် ဆောင်ရွက်နိုင်ခွင့်များ | ၉ | ၉ |
| ၇။ | အခန်း(၆) ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ | ၁၀ | ၁၀ |
| ၈။ | အခန်း(၇) ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့် | ၁၀ | ၁၃ |
| ၉။ | အခန်း(၈) စစ်ဆေးခြင်းနှင့်အရေးယူခြင်း | ၁၃ | ၁၄ |
| ၁၀။ | အခန်း(၉) အယူခံခြင်း | ၁၄ | ၁၅ |
| ၁၁။ | အခန်း(၁၀) ပြန်အမ်းငွေလျှောက်ထားခြင်း | ၁၆ | ၁၆ |
| ၁၂။ | အခန်း(၁၁) တားမြစ်ချက်များ | ၁၇ | ၁၉ |
| ၁၃။ | အခန်း(၁၂) ပြစ်ဒဏ်များ | ၁၉ | ၂၀ |
| ၁၄။ | အခန်း(၁၃) အထွေထွေ | ၂၁ | ၂၃ |

ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ
၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ်( ၄ )
၁၃၇၆ ခုနှစ်၊ တော်သလင်းလဆုတ်(၁၀)ရက်
၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်

**နိဒါန်း**

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ရှမ်းပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေငြာသည့်နေ့မှစ၍ ရှမ်းပြည်နယ် တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်။

(က) **ပြည်နယ်** ဆိုသည်မှာ ရှမ်းပြည်နယ်ကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဌာန ဝန်ကြီးကိုဆိုသည်။

(ဃ) **ဌာန** ဆိုသည်မှာ ရှမ်းပြည်နယ်အတွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာနမှူး** ဆိုသည်မှာ ရှမ်းပြည်နယ်အတွင်းရှိ ငါးလုပ်ငန်းဦးစီး ဌာန၏ ပြည်နယ်၊ ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးကို ဆိုသည်။

(စ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတွင်သော်လည်းကောင်း၊ ရေထဲတွင် နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များ၊ ရေတွင်ပေါက်ပွားသည့် အပင်များ၊ ယင်းတို့၏အပင်ပေါက်များနှင့် မျိုးစေ့များကိုဆိုသည်။

(ဆ) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သောလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းနှင့် ငါးဖမ်းခြင်း၊ ငါးမွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများကို ဆိုသည်။

(ဇ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း လုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းများနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများလည်း ပါဝင်သည်။

(ဈ) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ပစ္စည်းကိရိယာကိုမဆိုနှင့် အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(ည) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရေယာဉ်များ၊ ငါးလုပ်ငန်း လုပ်ကိုင်သည့် ရေယာဉ်များနှင့် ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ်များကိုဆိုသည်။

(ဋ) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြင့်ဖြစ်စေ၊ မြေပေါ်တွင် ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရွေ့လျားသွားလာ နိုင်သည့် မည်သည့်ယာဉ်ကိုမဆို ဆိုသည်။

(ဌ) **အအေးခန်းစက်ရုံ** ဆိုသည်မှာ ငါးများ သန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင်၊ အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားပေးသည့်စက်ရုံကို ဆိုသည်။

(ဍ) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ငါးများအား ကိုယ်တိုင်စားသုံးရန်မှတစ်ပါး မူလအခြေအနေမှ နည်းအမျိုးမျိုးအသုံးပြု၍ ပြုပြင်ပြောင်းလဲ ထုတ်လုပ်ဆောင်ရွက်သော ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးဆားနယ်၊ ငါးကြပ်တိုက်ခြင်း စသည့်လုပ်ငန်းများကို ဆိုသည်။

(ဎ) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ပြည်နယ်၏ နယ်နိမိတ်အတွင်းတွင် ရှိသည့် အစဉ်အမြဲ ရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ၊ ငါးများနေထိုင်ကျက်စားခိုအောင်းပေါက်ဖွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်ဆည်ကြီးများ၊ ပြည်နယ် နယ်နိမိတ်၏ နယ်မြေအတွင်းရှိရေပြင်များ၊ ကျွန်းပေါ်ရှိရေပြင်များ၊ လိပ်များဥချသည့်အသိုက်များ၊ ကျင်းများစသည်တို့လည်း ပါဝင်သည်။

(ဏ) **ဂရန်အင်း** ဆိုသည်မှာ ဌာနကနယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းစသည့်သတ်မှတ်ချက်များထားရှိ၍ အငှါးဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(တ) **သီးသန့်အင်း** ဆိုသည်မှာ ဌာနက ငါးမျိုးပြုန်းတီးခြင်း မရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှါ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းကိုအခါအားလျော်စွာ ပိတ်ပင်တားမြစ် ထားသည့်ရေပြင် သို့မဟုတ်သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့်ရေပြင်ကိုဆိုသည်။

(ထ) **ဘေးမဲ့အင်း** ဆိုသည်မှာ ဌာနက ငါးမျိုးပြုန်းတီးမှု မရှိစေရန်နှင့် ငါးမျိုးများ ပွားများလာစေရန်အလို့ငှါ သုတေသနရှာမှီးရန်အပ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို ပိတ်ပင်တားမြစ်ထားသည့်ရေပြင်ကို ဆိုသည်။

(ဒ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသောငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဌာနက ဂရန်အင်း၊ သီးသန့်အင်းဟု သတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက် သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(ဓ) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုမှ ရရှိသော သက်ရှိရေနေ သတ္တဝါများ၊ ယင်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲထားသည့် (Genetically modified organism) ရေတွင်ရှိ ငါးနှင့်ရေနေသတ္တဝါများ၊ ရေတွင်ပေါက်သော အပင်များ အားလုံးနှင့် သက်မဲ့ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်လိပ်နှင့် ဥများ၊ မိကျောင်းနှင့်ဥများ၊ ကဏန်း၊ ငါးကြီးအန်ဖတ်၊ ကမာခွံ၊ ပင်လယ်ခရုခွံ၊ ယောက်သွား၊ သန္တာကျောက်ခက်၊ ပင်လယ်ရေမြှုပ်၊ ကျောက်ပွင့်၊ ရေညှိ၊ ရေမှော် စသည်များလည်း ပါဝင်သည်။

(န) **အငှါးဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန်၊ ဌာနကထုတ်ပေးသည့် အငှါးဂရန်ကိုဆိုသည်။

(ပ) **လိုင်စင်** ဆိုသည်မှာ ဂရန်အင်းမှအပ ပြည်နယ်အတွင်းရှိ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဖ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ ဌာနကထုတ်ပေးသည့် အငှါးဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ အအေးခန်းစက်ရုံ တည်ထောင်လုပ်ကိုင်ခွင့်လိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုတွင် လုပ်ကိုင်ခွင့်လိုင်စင် ရရှိသူကိုဆိုသည်။

(ဗ) **ပြန်အမ်းငွေ** ဆိုသည်မှာ အငှါးဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ နိုင်ငံတော်၏ အကျိုးငှါ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ခံရလျှင်ဖြစ်စေ၊ သဘာဝဘေး အန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ၊ အငှါးဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်း ရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခကိုဆိုသည်။

(ဘ) **တင်ဒါချက်** ဆိုသည်မှာ ငါးလုပ်ငန်းဌာနမှ ငါးဖမ်း လုပ်ကိုင်ခွင့်ပြုသော ပိုက်တန်းခွင့်ရှိသည့် ပိုက်ချက်နေရာ လုပ်ကွက်ကိုဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ငါးလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ် စောင့်ရှောက်ရန်၊

(ဃ) ပြည်နယ်ဘဏ္ဍာငွေအတွက် ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ပြုနိုင်စေရန်၊

(စ) ကျေးလက်နေပြည်သူများ၏ ငါးလုပ်ငန်းနှင့် စပ်လျဉ်းသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊

## အခန်း(၃)
## အငှါးဂရန်၊ တင်ဒါလိုင်စင်၊ ငါးလုပ်ငန်းဆိုင်ရာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဌာနမှ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဌာနမှ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင် ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါ ဈေးနှုန်းတင်သွင်း၍ ဈေးပြိုင်တင်ဒါ စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ငါးပြုပြင်မွမ်းမံခြင်း၊ ရေထွက်ပစ္စည်းရောင်းဝယ်၊ စုဆောင်း၊ သယ်ယူသည့်လုပ်ငန်း သို့မဟုတ် အအေးခန်းစက်ရုံ တည်ထောင်လုပ်ကိုင်လိုသူသည် ဌာနမှ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ ပြည်နယ်ဦးစီးဌာနမှူးသည် သတ်မှတ်သည့် နည်းလမ်းများနှင့် ကိုက်ညီပါက ငါးပြုပြင် မွမ်းမံခွင့်၊ ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်း၊ သယ်ယူခွင့် လိုင်စင်များကို ထုတ်ပေးနိုင်သည်။

၈။ ပြည်နယ်ဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွင် ဝန်ကြီး၏ ခွင့်ပြုချက်ရရှိပြီးမှသာ နှစ်ရှည်အငှါးဂရန် သို့မဟုတ် လိုင်စင်ထုတ်ပေးရမည်-

(က) နှစ်ရှည်အငှါးဂရန် လျှောက်ထားခြင်း။

(ခ) ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထား ခြင်း။

(ဂ) အအေးခန်းစက်ရုံတည်ထောင်ခြင်း။

၉။ ဂရန်အင်း လေလံတင်ရောင်းချခြင်းနှင့် ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခု တွင် တင်ဒါလိုင်စင် ချထားခြင်းတို့ကို သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လေလံတင်ရောင်းချခြင်း သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ပြုရမည်။

၁၀။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့တွင် ပြည်နယ်ဦးစီးဌာနမှူး၏ အတည်ပြုချက် ရယူရမည်။

၁၁။ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၀ အရ အတည်ပြုချက် ရယူပြီးမှသာ အငှါးဂရန် သို့မဟုတ် တင်ဒါလိုင်စင် ထုတ်ပေးရမည်။

၁၂။ မြို့နယ်ဦးစီးဌာနမှူးသည် အငှါးဂရန်နှင့် တင်ဒါလိုင်စင် ချထားသည့် ကိစ္စတို့မှအပ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာတစ်ခုခုဖြင့် ငါးဖမ်း လိုကြောင်း လျှောက်ထားလာလျှင် ဌာနမှ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးနိုင်သည်။

၁၃။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထားအသုံးပြုမည့် လုပ်သား၊ ငါးလုပ်သားနှင့် စပ်လျဉ်း၍ မှတ်ပုံတင် လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထုတ်ပေးနိုင်သည်။

## အခန်း(၄)
## အခွန်အခပေးဆောင်ခြင်း

၁၄။ ဂရန်အင်း လေလံဆွဲဝယ်ရရှိသူသည် ဆွဲဝယ်သည့် လေလံကြေး ဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုလည်းကောင်း၊ လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေ ပေးဆောင်ရမည်။

၁၅။ ဂရန်အင်းမှအပ အခြားငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ လိုင်စင် ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေ ပေးဆောင်ရမည်။

၁၆။ နှစ်ရှည်အငှါးဂရန်ရရှိသူသည် ဌာနမှ သတ်မှတ်သည့်နည်းလမ်းများ နှင့်အညီ အင်းခွန်နှင့် အခြားကျသင့်ငွေများကို ပေးဆောင်ရမည်။

၁၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေး နှင့် အခြားကျသင့်ငွေများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်။

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် ငါးလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါက ပေးဆောင်ရန် ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြား ကျသင့်သော အခွန်အခများကို ဌာနကသတ်မှတ်သည့် နိုင်ငံခြား ငွေနှင့် ပေးဆောင်ရမည်။

၁၈။ ဝန်ကြီးသည် အောက်ပါလုပ်ငန်းများအတွက် အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) ဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရသော ငါးလုပ်ငန်း သုတေသန။

(ခ) ပြည်နယ်၏ အကျိုးငှါလိုအပ်သည့် ငါးလုပ်ငန်းများ။

## အခန်း(၅)
## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၁၉။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဌာနက သတ်မှတ်သည့် အတိုင်း ပေးဆောင်ရမည်။

(ခ) အငှါးဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းများနှင့် ဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် များကို လိုက်နာရမည်။

(ဂ) နိုင်ငံတော်၏ တည်ဆဲဥပဒေများကို လိုက်နာရမည်။

(ဃ) ဌာနကတာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာသုတေသန လုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးရမည်။

(င) မိမိလုပ်ငန်းတွင် ဌာန၌မှတ်ပုံတင်ထားသည့် ရေလုပ်သား များကိုသာ ခန့်ထားလုပ်ကိုင်စေရမည်။

(စ) ပြန်အမ်းငွေထုတ်ပေးရန် လျှောက်ထားနိုင်သည်။

၂၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှါးဂရန် သို့မဟုတ် လိုင်စင်တွင် သတ်မှတ်ပေးသည့်အတိုင်း အငှါးဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက် များနှင့်အညီ လုပ်ငန်းကိုလုပ်ကိုင်ခွင့်ရှိသည်။

## အခန်း(၆)
## ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၂၁။ ဤဥပဒေအရ ဝန်ကြီးသည် လိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုခြင်း။

(ခ) မည်သည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပြန်လည် လျှောက်ထားပါက စိစစ်၍ ခွင့်ပြုခြင်း။

(ဂ) အခြား လျော်ကန်သင့်မြတ်သော အမိန့်တစ်ရပ်ရပ်ကိုချမှတ်ခြင်း။

## အခန်း(၇)
## ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်

၂၂။ ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပုဒ်မ-၃ ပါ ရည်ရွယ်ချက်များကို အထမြောက်စေရန် ငါးလုပ်ငန်းများကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း။

(ခ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများကို သတ်မှတ်ပေးခြင်း။

(ဂ) တင်ဒါငါးဖမ်းကွက် သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း။

(ဃ) တားမြစ်သည့်ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ခြင်း။

(င) လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အငှားဂရန်၊ လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း။

(စ) မြို့နယ်၊ ခရိုင်ဦးစီးဌာနမှူးများ၏ တာဝန်နှင့် လုပ်ကိုင်ခွင့်များကို သတ်မှတ်ပေးခြင်း။

(ဆ) ဝန်ကြီးက အခါအားလျော်စွာ ပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

၂၃။ ပြည်နယ်ဦးစီးမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝန်ကြီး၏ သဘောတူညီချက်ကိုရယူ၍ ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင် အမျိုးအစား သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

(ခ) မမှန်မကန်သောနည်းလမ်းဖြင့် ရယူထားကြောင်း လုံလောက်သော အကြောင်းရှိလျှင် မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

(ဂ) ဌာနကထုတ်ပေးထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင် ပျက်စီး၊ ပျောက်ဆုံးသွားသဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းစေပြီး၊ အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူ ထုတ်ပေးခြင်း။

(ဃ) ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်လည်ထုတ်ပေး နိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏကို စိစစ်သတ်မှတ်ခြင်း။

၂၄။ ဤဥပဒေနှင့် ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေအရ ထုတ်ပေးသော အငှားဂရန်၊ လိုင်စင်ပါစည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိရလျှင် ပြည်နယ်ဦးစီးမှူးသည် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ကိုဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပြန်လည်လျှောက်ထားလာပါက ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း။

(ခ) ငါးများနှင့် အခြားပုပ်သိုးပျက်စီးနိုင်သည့်ပစ္စည်းများ ဖမ်းဆီးရမိပါက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ထုခွဲရောင်းချပြီး ရောင်းချရငွေကို ဌာန၏ရငွေအဖြစ် ဘဏ်တွင် ပေးသွင်းခြင်း။

(ဂ) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက မိမိအားထုတ်ပေးထားသော အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဥပဒေအရ အကျိုးတူ ငါးလုပ်ငန်း လုပ်ကိုင်သည့်ကိစ္စမှအပ အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုကြောင်း စစ်ဆေးတွေ့ရှိရပါက ယင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းခြင်း။

(ဃ) နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက မိမိအား ထုတ်ပေးထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကိုဌာန၏ ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းကြောင်း သို့မဟုတ် ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဝန်ကြီး၏ခွင့်ပြုချက်ကိုရယူပြီး ယင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းခြင်း။

၂၅။ ပြည်နယ်ဦးစီးဌာနမှူးသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ဌာနမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးဌာနမှူး တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်နိုင်သည်။

၂၆။ ပြည်နယ်ဦးစီးဌာနမှူးသည် ရေထွက်ပစ္စည်းဆိုင်ရာ အစားအသောက်များအား ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ လိုက်နာဆောင်ရွက် ထုတ်လုပ်ခြင်း ရှိ/မရှိ စစ်ဆေးနိုင်ရန် ဌာနမှ ပြန်တမ်းဝင် အရာရှိတစ်ဦးဦးကို ဖြစ်စေ၊ ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ၊ အမှုထမ်းတစ်ဦးဦးကိုဖြစ်စေ တာဝန်ပေးအပ် ဆောင်ရွက်စေနိုင်သည်။

## အခန်း(၈)
## စစ်ဆေးခြင်းနှင့်အရေးယူခြင်း

၂၇။ ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ၊ ပြည်နယ်ဦးစီးဌာနမှူးက သီးခြားတာဝန်ပေးအပ်ချက်အရ ပြည်နယ်အတွင်းရှိ မည်သည့်ရေချိုငါးလုပ်ငန်းရေပြင် အတွင်းတွင် ဖြစ်စေ၊ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာ များနှင့် ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ တင်ဒါချက် အပါအဝင် မည်သည့်ငါးလုပ်ငန်းကိုမဆို ဝရမ်းမပါဘဲ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်း။

(ခ) လုပ်ငန်းတွင် ထားရှိရမည့် အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက်စာတမ်းများ တောင်းယူ စစ်ဆေးခြင်း၊ ကူးယူခြင်း။

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလို မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း။

(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် သောငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသောသက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်း။

(င) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း။

(စ) ငါးနှင့် အခြားလျင်မြန်စွာပုပ်သိုး၊ ပျက်စီးနိုင်သည့်ပစ္စည်းများ ဖမ်းဆီးရရှိမိပါက သတ်မှတ်သောနည်းလမ်းများနှင့်အညီ အမြန်ဆုံး ထုခွဲရောင်းချပြီး ရောင်းချရငွေကို ဌာန၏ရငွေအဖြစ် ဘဏ်တွင်ပေးသွင်းခြင်း။

(ဆ) မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက ရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူခြင်း။

## အခန်း(၉)
## အယူခံခြင်း

၂၈။ အထက်အခန်း(၈)ပုဒ်မ-၂၇ ပါ စစ်ဆေးခြင်း/အရေးယူခြင်းတို့နှင့် စပ်လျဉ်း၍ အယူခံဝင်ရာတွင်-

(က) မြို့နယ်ဦးစီးဌာနမှူး၏ ငါးဖမ်းကိရိယာနှင့် စပ်လျဉ်း၍ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က)အရ မြို့နယ်ဦးစီးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက၊ ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် ရက်ပေါင်း(၃၀)အတွင်း ပြည်နယ်ဦးစီးမှူးထံ အယူခံနိုင်သည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ အယူခံရာတွင် ပြည်နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးမှူးမှ ချမှတ်ထားသောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(င) ပုဒ်မခွဲ(ဃ)အရ ပြည်နယ်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

(စ) ပုဒ်မခွဲ(င)အရ အယူခံရာတွင် ဝန်ကြီးသည် ပြည်နယ်ဦးစီးမှူး ချမှတ်ထားသောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။ ဝန်ကြီးမှ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

၂၉။ နှစ်ရှည်အငှားဂရန် သို့မဟုတ် နိုင်ငံခြားငွေဖြင့် လုပ်ကိုင်သည့် ငါးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဤဥပဒေပုဒ်မ-၈(က)(ခ)နှင့် ၂၄(ဃ)အရ ဆောင်ရွက်ချက်အပေါ် အယူခံဝင်ရာတွင် -

(က) ပြည်နယ်ဦးစီးဌာနမှူးက ဤဥပဒေပုဒ်မ-၂၄(ဃ)အရ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံ ဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် ပုဒ်မခွဲ(က)အရ ပြည်နယ်ဦးစီးဌာနမှူး သို့မဟုတ် ခရိုင်ဦးစီးဌာနမှူးက ချမှတ်ထားသည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ဝန်ကြီးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၁၀)
## ပြန်အမ်းငွေလျှောက်ထားခြင်း

၃၀။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေ လျှောက်ထားနိုင်သည်။

(က) ပြည်နယ်၏အကျိုးငှာ၊ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း။

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားမမျှော်မှန်းနိုင်သည့် အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၃၁။ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၃၀ အရ လျှောက်ထားလာလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၃၂။ ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၃၀ အရ လျှောက်ထားလာသည့်ကိစ္စ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ ရသင့်သောပြန်အမ်းငွေ ပမာဏကို သတ်မှတ်၍ ဝန်ကြီးထံတင်ပြရမည်။

၃၃။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ပြန်အမ်းငွေပမာဏကို ထုတ်ပေးရန် အဆုံးအဖြတ်ပေးရမည်။

၃၄။ သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၃၃ အရ အဆုံးအဖြတ်ပြုသည့် ပြန်အမ်းငွေပမာဏကို ဌာန၏ ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူထံ ပြန်လည်ထုတ်ပေးရမည်။

## အခန်း(၁၁)
## တားမြစ်ချက်များ

၃၅။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့်အငှါးဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၃၆။ မည်သူမျှ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကိုမပြုလုပ်ရ-

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အဆိပ်အတောက်၊ ဓါတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း။

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း။

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း။

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင်ငါးဖမ်းခြင်း။

၃၇။ မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါဆွဲ ဝယ်ပြီးနောက် ဌာန၏ ခွင့်ပြုချက်မရှိဘဲပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို သတ်မှတ်ရက်အတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၈။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဌာန၏ခွင့်ပြုချက်မရှိဘဲ ဆည်၊ တမံ၊ ယင်း စသော အပိတ်အဆို့၊ အတားအဆီးတစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုလုပ်ရ။

၃၉။ မည်သူမျှ ဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၄၀။ မည်သူမျှ အင်း သို့မဟုတ် အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ-

(က) ငါးနေ ငါးထိုင်တောများပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း။

(ခ) အင်း၏ ရေစီးရေလာပျက်ပြားစေရန်၊ သဘာဝအခြေအနေ ထိခိုက်စေရန် ပြုလုပ်ခြင်း။

(ဂ) သီးနှံစိုက်ပျိုးခြင်း။

(ဃ) လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်း။

၄၁။ မည်သူမျှ ဌာန၏ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့်ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင် ဖြစ်စေ၊ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်းမပြုလုပ်ရ။

၄၂။ မည်သူမျှ အောက်ပါရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း မပြုရ။

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သည့် ဘေးဥပါဒ်အန္တရာယ် ဖြစ်စေနိုင်သည့် သို့မဟုတ် ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ရေထွက်ပစ္စည်း ဆိုင်ရာ စားသောက်ကုန်ပစ္စည်း။

(ခ) ရေထွက်ပစ္စည်း၏ သဘာဝဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေး ထိခိုက်စေပြီး ဘေးဥပါဒ် အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အစားထိုးထားသော လူတို့စားသုံးရန် မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်း အစရှိသည် တို့နှင့် ပြုပြင်ရောစပ်ထားသော သို့မဟုတ် ရေထိုးထားသော ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်း။

၄၃။ ဤဥပဒေအရ တာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို အပ်နှင်းခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် အောက်ပါတားမြစ်ချက် တစ်ရပ်ရပ်ကိုမပြုလုပ်ရ–

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိန်ချန်ခြင်း။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း။

## အခန်း(၁၂)
## ပြစ်ဒဏ်များ

၄၄။ မည်သူမဆို ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်–

(က) ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စ ဖြစ်ပါက အနည်းဆုံးထောင်ဒဏ် (၆)လမှ အများဆုံး ထောင်ဒဏ်(၂)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၂၀၀၀၀၀/– ကိုလည်း ချမှတ်နိုင်သည်။

(ခ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်သည့် ကိစ္စဖြစ်ပါက အနည်းဆုံးထောင်ဒဏ်(၆)လမှ အများဆုံးထောင်ဒဏ် (၃)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၃၀၀၀၀၀/– ကိုလည်း ချမှတ်နိုင်သည်။

၄၅။ မည်သူမဆို ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ်(၁)နှစ်မှ အများဆုံးထောင်ဒဏ် (၃)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၃၀၀၀၀၀/– ကိုလည်း ချမှတ်နိုင်သည်။

၄၆။ မည်သူမဆို ပုဒ်မ ၃၇၊ ပုဒ်မ ၃၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ်(၃)လမှ အများဆုံး ထောင်ဒဏ်(၁)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၃၀၀၀၀၀ိ/- ကိုလည်း ချမှတ်နိုင်သည်။

၄၇။ မည်သူမဆို ပုဒ်မ ၃၉၊ ၄၀၊ ၄၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ်(၆)လမှ အများဆုံးထောင်ဒဏ်(၂)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၃၀၀၀၀၀ိ/- ကိုလည်း ချမှတ်နိုင်သည်။

၄၈။ မည်သူမဆို ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် (၁)နှစ်မှ အများဆုံးထောင်ဒဏ် (၃)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၃၀၀၀၀၀ိ/- ကိုလည်း ချမှတ်နိုင်သည်။

၄၉။ မည်သည့်ပြည်သူ့ဝန်ထမ်းမဆို ပုဒ်မ ၄၃ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် (၁)နှစ်မှ အများဆုံးထောင်ဒဏ် (၅)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၁၀၀၀၀၀ိ/- ကိုလည်း ချမှတ်နိုင်သည်။

၅၀။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၅၁။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အမြင့်ဆုံး ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း(၁၃)

## အထွေထွေ

၅၂။ (က) ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သော ပစ္စည်းမှာ တရားရုံးရှေ့ တင်ပို့ရန် ပျက်စီးလွယ်သည့် သို့မဟုတ် ပုပ်သိုးလွယ်သည့် ပစ္စည်းဖြစ်ပါက ဌာနသည် ယင်းသက်သေခံပစ္စည်းအပေါ် စီမံခန့်ခွဲသည့်အမိန့် ချမှတ်နိုင်သည်။ ယင်းအမိန့်ကဲ့သို့ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ကြောင်း တရားရုံးသို့ အစီရင်ခံစာ တင်ပြရမည်။

(ခ) ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

(ဂ) တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် ပြစ်မှုအတွက် သတ်မှတ်သည့် ပြစ်ဒဏ်အပြင် ပြစ်မှုနှင့် စပ်လျဉ်းသော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော အမိန့်ကို ချမှတ်နိုင်သည်။

၅၃။ ဤဥပဒေပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန် ဆောင်ရွက်သော ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော် လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၅၄။ ပုဒ်မ ၄၃ အရ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန်လိုအပ်လျှင် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ တရားစွဲဆိုခြင်း ပြုရမည်။

၅၅။ ဤဥပဒေအရ တရားစွဲတင်ပို့သည့်အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူနိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၆။ ဦးစီးဌာနမှူးသည် မိမိတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၅၇။ ဤဥပဒေအရ ဌာနကရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို သက်ဆိုင်ရာဦးစီးဌာနမှူးသည် မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ ကောက်ခံရမည်။

၅၈။ ဌာနသည် ဂရန်အင်း၊ သီးသန့်အင်းနှင့် ဘေးမဲ့အင်း နယ်နိမိတ်ပြမြေပုံများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အစိုးရဌာန၊ လုပ်ငန်းများနှင့် ညှိနှိုင်း၍ ပြုစုထားရှိရမည်။

၅၉။ ဤဥပဒေပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် ပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(စဝ်အောင်မြတ်)
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ( ၁၈ )ရက်